# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

# ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်

# အစိုးရ၏ ကြွေးမြီဆိုင်ရာနှစ်ပတ်လည်

# အစီရင်ခံစာ

နေရာ၊ နေပြည်တော်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | ပြည်ပကြွေးမြီအခြေအနေ | ၂ |
| | - ကာလအပိုင်းအခြားအလိုက်ရယူခဲ့သည့် ပြည်ပချေးငွေအခြေအနေ | ၂ - ၄ |
| | - ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ပချေးငွေထုတ်ယူသုံးစွဲမှုနှင့် ပြန်လည်ပေးဆပ်မှုအခြေအနေ | ၄ - ၆ |
| | - ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ပချေးငွေစာချုပ်ချုပ်ဆိုမှု အခြေအနေ | ၆ - ၁၁ |
| | - ၃၁-၃-၂၀၁၇ ရက်နေ့ရှိ ပြည်ပကြွေးမြီလက်ကျန် | ၁၁ - ၁၂ |
| | - ၃၁-၃-၂၀၁၇ ရက်နေ့ရှိ ပြည်ပချေးငွေစာချုပ်ချုပ်ဆိုထားရှိမှုနှင့် ပေးဆပ်ရန်ကျန်ရှိမှု | ၁၃ - ၁၄ |
| ၃။ | ပြည်တွင်းကြွေးမြီအခြေအနေ | ၁၅ |
| | - ၃၁-၃-၂၀၁၇ ရက်နေ့ရှိ ပြည်တွင်းကြွေးမြီအခြေအနေ | ၁၅ |
| | - ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာနှစ်အတွင်း ပြည်တွင်းကြွေးမြီဆိုင်ရာ ဆောင်ရွက်ချက်များ | ၁၅ - ၁၆ |
| | - ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုအစိုးရအပ်ငွေ စာရင်း၏ လိုငွေဖြည့်ဆည်းမှု | ၁၆ |
| | - ပြည်တွင်းချေးငွေများအပေါ် နိုင်ငံတော်ကကျခံရသည့်အတိုးစရိတ် | ၁၇ - ၁၈ |
| ၄။ | အစိုးရက ငွေထုတ်ချေးခြင်းနှင့် ထပ်ဆင့်ငွေထုတ်ချေးခြင်း | ၁၉ |
| ၅။ | ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဆောင်ရွက်ချက်များ | ၁၉ - ၂၀ |
| ၆။ | အစိုးရ၏ အာမခံချက် | ၂၀ |
| ၇။ | နိဂုံး | ၂၀ - ၂၂ |


ဝ-

# အတိုကောက်အသုံးအနှုန်းများ

| | | |
|---|---|---|
| ADB | - | Asian Development Bank<br>(အာရှဖွံ့ဖြိုးရေးဘဏ်) |
| AIF | - | Asean Infrastructure Fund<br>(အာဆီယံအခြေခံအဆောက်အအုံဆိုင်ရာရန်ပုံငွေ) |
| AFD | - | Agence Francaise De Developpement<br>(ပြင်သစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့) |
| IDA | - | International Development Association<br>(အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့) |
| JICA | - | Japan International Cooperation Agency<br>(ဂျပန်နိုင်ငံ၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ) |
| KfW | - | Kreditanstalt Fur Wiederaufbau, Frankfurt<br>(ဂျာမဏီဖွံ့ဖြိုးရေးဘဏ်) |

# ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်
# အစိုးရ၏ကြွေးမြီဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာ

## နိဒါန်း

၁။ ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂ ဖြင့် ပြဋ္ဌာန်းခဲ့သည့် ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၃၇ အရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ အစိုးရ၏ကြွေးမြီဆိုင်ရာနှစ်ပတ်လည်အစီရင်ခံစာကို တင်ပြခြင်းဖြစ်ပါသည်။

၂။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုကို ဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်လျက်ရှိရာ အစိုးရ၏ဘဏ္ဍာငွေဖြည့်ဆည်းမှု လိုအပ်ချက်များနှင့် ၎င်းတို့၏ကာလတို၊ ကာလရှည်ပေးရန်တာဝန်များကို ဆုံးရှုံးနိုင်ခြေအနည်းဆုံးနှင့် ကုန်ကျစရိတ်အနည်းဆုံးဖြစ်စေရန်နှင့် ပြည်တွင်းငွေချေးသက်သေခံလက်မှတ်ဈေးကွက်ဖွံ့ဖြိုးရေးကို အားပေးမြှင့်တင်ရန်ရည်ရွယ်ပါသည်။ နိုင်ငံတော်တွင် ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာကို ချမှတ်ထားပြီး ၎င်း၏အဓိကရည်ရွယ်ချက်များမှာ-

(က) ကြွေးမြီခံနိုင်ရည်ရှိမှုအဆင့်ကို ထိန်းသိမ်းထားရှိရန်၊

(ခ) ဘဏ္ဍာရေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေများကို စီမံခန့်ခွဲရန်နှင့် ယင်းဆုံးရှုံးနိုင်ခြေများကို သင့်တင့်လျောက်ပတ်သော အတိုင်းအတာတွင်ရှိနေစေရန်အတွက် ပြည်သူ့ကြွေးမြီအနေအထားကို အကဲဖြတ်ရန်၊

(ဂ) အစိုးရငွေချေးသက်သေခံလက်မှတ်များရောင်းဝယ်သည့် ပြည်တွင်းဈေးကွက်များဖွံ့ဖြိုးတိုးတက်စေရန် တို့ဖြစ်ပါသည်။

၃။ ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာအရ ပြည်တွင်း၊ ပြည်ပမှချေးငွေများရယူရာတွင် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အကျိုးရှိထိရောက်မည့် စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် ကြွေးမြီဝန်ထုတ်ဝန်ပိုး၊ ကုန်ကျစရိတ်နှင့် ဆုံးရှုံးနိုင်ခြေများကို အနည်းဆုံးဖြစ်စေရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ အစိုးရ၏ကြွေးမြီဆိုင်ရာနှစ်ပတ်လည်အစီရင်ခံစာတွင် အောက်ပါအပိုင်း (၃) ပိုင်းဖြင့် တင်ပြထားပါသည်-

(က) ပြည်ပကြွေးမြီအခြေအနေ

(ခ) ပြည်တွင်းကြွေးမြီအခြေအနေ

(ဂ) အစိုးရက ငွေထုတ်ချေးခြင်းနှင့် ထပ်ဆင့်ငွေထုတ်ချေးခြင်း

# အပိုင်း (က) ပြည်ပကြွေးမြီအခြေအနေ

## ကာလအပိုင်းအခြားအလိုက်ရယူခဲ့သည့် ပြည်ပကြွေးမြီအခြေအနေ


၅။ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့်အားလျော်စွာ နိုင်ငံတော်၏စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်အဆက်ဆက် စီမံကိန်း၊ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ပချေးငွေရယူမှုများရှိခဲ့ပါသည်။ ၃၁-၃-၂၀၁၇ ရက်နေ့ရှိ ကာလအပိုင်းအခြားအလိုက် ပြည်ပချေးငွေရယူမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(အမေရိကန်ဒေါ်လာသန်းပေါင်း)

| စဉ် | အကြောင်းအရာ | စာချုပ်တန်ဖိုး | ထုတ်ယူသုံးစွဲငွေ | ၃၁-၃-၂၀၁၇ ထိ အရင်းပေးဆပ်ပြီးငွေ | ပေးဆပ်ရန် ကျန်ငွေ |
|---|---|---|---|---|---|
| ၁။ | ၁၉၈၈ ခုနှစ်မတိုင်မီကာလ | ၅,၄၉၁.၂၀၈ | ၅,၂၈၈.၀၇၀ | ၁,၀၂၂.၅၀၃ | ၄,၂၆၅.၅၆၇ |
| ၂။ | ၁၉၈၈-၁၉၈၉ မှ ၂၀၁၀-၂၀၁၁ အထိ ကာလ | ၄,၅၃၄.၈၉၈ | ၄,၁၅၀.၀၄၉ | ၁,၃၇၇.၉၃၂ | ၂,၇၇၂.၁၁၇ |
| ၃။ | ၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ အထိ ကာလ | ၆,၃၁၉.၅၈၈ | ၂,၁၉၆.၉၅၈ | ၉၁.၅၅၁ | ၂,၁၀၅.၄၀၇ |
| ၄။ | ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်ကာလ | ၁,၇၇၆.၈၂၁ | ၅.၇၇၀ | - | ၅.၇၇၀ |
| | စုစုပေါင်း | ၁၈,၁၂၂.၅၁၅ | ၁၁,၆၄၀.၈၀၇ | ၂,၄၉၁.၉၈၆ | ၉,၁၄၈.၈၂၁ |


မှတ်ချက်။ ၃၁-၃-၂၀၁၇ ရက်နေ့ရှိ ငွေလဲလှယ်နှုန်းများဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။ (https://www.imf.org/ ဝက်ဆိုက်ဒ်မှ ငွေလဲလှယ်နှုန်းဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။)

၆။ အထက်ဖော်ပြပါ ကာလအပိုင်းအခြားအလိုက် ပြည်ပချေးငွေရယူရန်အတွက် စာချုပ်ချုပ်ဆိုထားရှိမှုအခြေအနေအား အောက်ပါပုံကားချပ်များဖြင့် နှိုင်းယှဉ်တင်ပြအပ်ပါသည်-





**၁၉၈၈ ခုနှစ်မတိုင်မီက** ရယူခဲ့သော ပြည်ပချေးငွေများမှာ အာရှဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘာ့ဘဏ်နှင့် ပဲရစ်ကလပ်အဖွဲ့ဝင်နိုင်ငံတို့မှ ချေးငွေများဖြစ်ပြီး ၂၀၁၃ ခုနှစ်တွင် ၎င်းအဖွဲ့အစည်း/ နိုင်ငံများနှင့် ကြွေးမြီရှင်းလင်းရေးကိစ္စရပ်များကို အောင်မြင်စွာဆောင်ရွက်ခဲ့ပြီးနောက် ဆက်လက်ပေးဆပ်ရန် ကျန်ရှိသည့် ချေးငွေများဖြစ်ပါသည်။ အတိုးနှုန်းမှာ ၀.၀၁% မှ ၃% ထိ ရှိပြီး ချေးငွေသက်တမ်း ၁၅ နှစ်မှ ၄၀ နှစ်ထိရှိပါသည်။ အများစုမှာ သက်သာမှုရှိသည့် ချေးငွေများဖြစ်ပါသည်။

၁၉၈၈-၁၉၈၉ မှ ၂၀၁၀-၂၀၁၁ ခု၊ ဘဏ္ဍာရေးနှစ်အထိ ပြည်ပချေးငွေ စာချုပ်ချုပ်ဆိုထားရှိမှုအခြေအနေ (အမေရိကန်ဒေါ်လာ သန်းပေါင်း)





**၁၉၈၈-၁၉၈၉ မှ ၂၀၁၀-၂၀၁၁** ကာလတွင် အများဆုံးရယူခဲ့သည့် ချေးငွေများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှဖြစ်ပြီး Exim Bank of China နှင့် China Development Bank တို့မှရယူခဲ့ပါသည်။ ၎င်းချေးငွေများမှာ ချေးငွေသက်တမ်း ၂၀ နှစ်၊ အတိုးနှုန်းမှာ ၂% မှ ၄.၇၈% ထိဖြစ်သဖြင့် များစွာသက်သာမှုမရှိလှသော်လည်း ထိုအချိန်က ချေးငွေပေးအပ်လိုသည့် နိုင်ငံ/ အဖွဲ့အစည်းနည်းပါးခြင်း၊ နိုင်ငံတော်၏ နိုင်ငံခြားအရန်ငွေ အားနည်းခြင်းတို့ကြောင့် ရယူဆောင်ရွက်ခဲ့ရခြင်းဖြစ်ပါသည်။

၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်အထိ ပြည်ပချေးငွေ စာချုပ်ချုပ်ဆိုထားရှိမှု အခြေအနေ (အမေရိကန်ဒေါ်လာ သန်းပေါင်း)




**၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ ထိ** ကာလအတွင်း နိုင်ငံတကာအသိုက်အဝန်း၏ ထိတွေ့ဆက်ဆံမှုများပြန်လည်ရရှိလာပြီး ပြည်ပနိုင်ငံ/ အဖွဲ့အစည်း (၁၀) ခုမှ ချေးငွေများရယူခဲ့ပါသည်။ ဂျပန်နိုင်ငံ၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Japan International Cooperation Agency) ချေးငွေမှာ အများဆုံးဖြစ်ပြီး တရုတ်ချေးငွေမှာ ဒုတိယအများဆုံးဖြစ်ပါသည်။ ဂျပန်နိုင်ငံ၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Japan International Cooperation Agency) နှင့် ချေးငွေစာချုပ် (၁၅) ခု ချုပ်ဆိုခဲ့ပြီး ချေးငွေပမာဏ အမေရိကန်ဒေါ်လာ ၂,၄၅၅ သန်းခန့်၊ တရုတ်ပြည်သူ့သမ္မတ နိုင်ငံနှင့် ချေးငွေစာချုပ် (၁၅) ခု ချုပ်ဆိုခဲ့ပြီး ချေးငွေပမာဏမှာ အမေရိကန်ဒေါ်လာ ၁,၅၇၆ သန်းခန့်၊ ကမ္ဘာ့ဘဏ်နှင့် ချေးငွေစာချုပ် (၉) ခု ချုပ်ဆိုခဲ့ပြီး ချေးငွေပမာဏမှာ အမေရိကန်ဒေါ်လာ ၁,၃၀၂ သန်းခန့်ဖြစ်ပါသည်။ အတိုးနှုန်းမှာ ၀.၀၁% မှ ၅% ထိ ရှိပြီး သက်တမ်း ၁၀ နှစ်မှ ၄၀ နှစ်ထိ ဖြစ်ပါသည်။ အများစုမှာ သက်သာသောချေးငွေများဖြစ်ပါသည်။

၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ပချေးငွေစာချုပ် ချုပ်ဆိုထားရှိမှုအခြေအနေ (အမေရိကန်ဒေါ်လာ သန်းပေါင်း)




၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်ပနိုင်ငံ/ အဖွဲ့အစည်း (၅) ခုမှ ချေးငွေရယူခဲ့ပါသည်။ ဂျပန်နိုင်ငံ၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Japan International Cooperation Agency) နှင့် ချေးငွေစာချုပ် (၆) ခု ထပ်မံချုပ်ဆိုခဲ့ပြီး ချေးငွေပမာဏမှာ အမေရိကန်ဒေါ်လာ ၁,၁၁၆ သန်းခန့်ဖြင့် အများဆုံးဖြစ်ပါသည်။ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ချေးငွေစာချုပ် (၅) ခု ထပ်မံချုပ်ဆိုခဲ့ပြီး ချေးငွေပမာဏမှာ အမေရိကန်ဒေါ်လာ ၄၀၅ သန်းခန့်ဖြင့် ဒုတိယအများဆုံးဖြစ်ပါသည်။ အတိုးနှုန်းမှာ ၀.၀၁% မှ ၁.၅% ထိရှိပြီး ချေးငွေအားလုံးသက်သာသော ချေးငွေများဖြစ်ပါသည်။

## ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ပချေးငွေထုတ်ယူသုံးစွဲမှုနှင့် ပြန်လည်ပေးဆပ်မှုအခြေအနေ

၇။ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာနှစ်အတွင်း နိုင်ငံ/ အဖွဲ့အစည်းအလိုက် ပြည်ပချေးငွေထုတ်ယူသုံးစွဲမှုနှင့် ပြန်လည်ပေးဆပ်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(အမေရိကန်ဒေါ်လာသန်းပေါင်း)

| စဉ် | မြီရှင်နိုင်ငံ/ အဖွဲ့အစည်းအမည် | နှစ်အတွင်း ထုတ်ယူသုံးစွဲမှု | နှစ်အတွင်း အချိန်စေ့ရောက်သဖြင့် ပြန်လည်ပေးဆပ်မှု | | |
|---|---|---|---|---|---|
| | | | အရင်း | အတိုး | ပေါင်း |
| | **အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ** | ၁၆၅.၁၉၄ | ၄၂.၀၇၉ | ၁၁.၅၇၇ | ၅၃.၆၅၆ |
| ၁။ | အေဒီဘီ | ၃၂.၁၄၁ | ၁၆.၄၂၈ | ၅.၃၄၇ | ၂၁.၇၇၅ |
| ၂။ | အေအိုင်အက်ဖ် | ၀.၈၈၆ | - | - | - |
| ၃။ | အိုင်ဒီအေ | ၁၃၀.၈၃၂ | ၂၄.၁၅၈ | ၅.၉၄၉ | ၃၀.၁၀၇ |
| ၄။ | အိုင်အက်ဖ်အေဒီ | ၁.၃၃၅ | - | ၀.၀၂၀ | ၀.၀၂၀ |
| ၅။ | အိုပက် | - | ၁.၄၉၃ | ၀.၂၆၁ | ၁.၇၅၄ |
| | **နှစ်နိုင်ငံအစိုးရကြားချေးငွေ** | ၁၇၈.၇၁၈ | ၃၅၄.၁၉၅ | ၂၀၅.၁၃၂ | ၅၅၉.၃၂၇ |
| | <u>ပဲရစ်ကလပ်အဖွဲ့ဝင်နိုင်ငံများ</u> | <u>၁၄၈.၉၆၇</u> | <u>၁၂.၃၇၀</u> | <u>၂၇.၆၈၄</u> | <u>၄၀.၀၅၄</u> |
| ၆။ | ဂျပန် | ၁၄၈.၉၆၇ | ၄.၄၈၅ | ၀.၂၁၃ | ၄.၆၉၈ |
| ၇။ | ဩစတြီးယား | - | - | ၁.၈၄၄ | ၁.၈၄၄ |

(အမေရိကန်ဒေါ်လာသန်းပေါင်း)

| စဉ် | မြီရှင်နိုင်ငံ/ အဖွဲ့အစည်းအမည် | နှစ်အတွင်း ထုတ်ယူသုံးစွဲမှု | နှစ်အတွင်း အချိန်စေ့ရောက်သဖြင့် ပြန်လည်ပေးဆပ်မှု | | |
|---|---|---|---|---|---|
| | | | အရင်း | အတိုး | ပေါင်း |
| ၈။ | ဖင်လန် | - | - | ၀.၀၂၀ | ၀.၀၂၀ |
| ၉။ | ပြင်သစ် | - | ၀.၅၃၀ | ၆.၇၆၅ | ၇.၂၉၅ |
| ၁၀။ | ဂျာမနီ | - | ၇.၃၅၅ | ၁၈.၂၆၁ | ၂၅.၆၁၆ |
| ၁၁။ | အီတလီ | - | - | - | |
| ၁၂။ | နယ်သာလန် | - | - | ၀.၁၇၁ | ၀.၁၇၁ |
| ၁၃။ | အင်္ဂလန် | - | - | ၀.၄၁၀ | ၀.၄၁၀ |
| | <u>ပဲရစ်ကလပ်အဖွဲ့ဝင်မဟုတ်သောနိုင်ငံများ</u> | <u>၂၉.၇၅၁</u> | <u>၃၄၁.၈၂၅</u> | <u>၁၇၇.၄၄၈</u> | <u>၅၁၉.၂၇၃</u> |
| ၁၄။ | တရုတ် | ၁၃.၃၇၁ | ၂၅၅.၈၃၅ | ၁၇၀.၈၀၄ | ၄၂၆.၆၃၉ |
| ၁၅။ | အေအက်ဖ်ဒီ | | - | - | - |
| ၁၆။ | အိန္ဒိယ | ၆.၃၂၈ | ၁၆.၁၆၁ | ၃.၃၀၂ | ၁၉.၄၆၃ |
| ၁၇။ | ကိုရီးယား | ၁၀.၀၅၂ | ၁၆.၈၉၃ | ၂.၀၁၉ | ၁၈.၉၁၂ |
| ၁၈။ | မလေးရှား | - | ၃၀.၀၀၀ | ၀.၀၉၄ | ၃၀.၀၉၄ |
| ၁၉။ | ဆော်ဒီ | - | ၀.၄၀၀ | ၀.၀၅၅ | ၀.၄၅၅ |
| ၂၀။ | ထိုင်း | - | ၁၁.၆၇၀ | ၀.၃၈၈ | ၁၂.၀၅၈ |
| ၂၁။ | ဆာဗီးယား | - | ၁၀.၈၆၆ | ၀.၇၈၆ | ၁၁.၆၅၂ |
| | **စုစုပေါင်း** | ၃၄၃.၉၁၂ | ၃၉၆.၂၇၄ | ၂၁၆.၇၀၉ | ၆၁၂.၉၈၃ |

၈။ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာနှစ်အတွင်း ဝန်ကြီးဌာနအလိုက် ပြည်ပချေးငွေထုတ်ယူသုံးစွဲမှုနှင့် ပြန်လည်ပေးဆပ်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(အမေရိကန်ဒေါ်လာသန်းပေါင်း)

| စဉ် | မြီရှင်နိုင်ငံ/ အဖွဲ့အစည်းအမည် | နှစ်အတွင်း ထုတ်ယူသုံးစွဲမှု | နှစ်အတွင်း အချိန်စေ့ရောက်သဖြင့် ပြန်လည်ပေးဆပ်မှု | | |
|---|---|---|---|---|---|
| | | | အရင်း | အတိုး | ပေါင်း |
| ၁။ | ပြည်ထဲရေး | - | ၀.၀၁၆ | ၁.၂၂၈ | ၁.၂၄၄ |
| ၂။ | ကာကွယ်ရေး | ၁.၀၈၆ | ၈.၄၂၈ | ၆.၆၁၀ | ၁၅.၀၃၈ |
| ၃။ | နယ်စပ်ရေးရာ | - | ၀.၀၉၅ | ၀.၀၀၁ | ၀.၀၉၆ |
| ၄။ | ပြန်ကြားရေး | - | - | ၀.၀၁၂ | ၀.၀၁၂ |
| ၅။ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း | ၁၂၄.၉၁၉ | ၃၀.၂၃၀ | ၂၀.၆၇၃ | ၅၀.၉၀၃ |
| ၆။ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး | ၄၇.၈၄၄ | ၃၃.၅၀၉ | ၃၀.၂၉၄ | ၆၃.၈၀၃ |

(အမေရိကန်ဒေါ်လာသန်းပေါင်း)

| စဉ် | မြီရှင်နိုင်ငံ/ အဖွဲ့အစည်းအမည် | နှစ်အတွင်း ထုတ်ယူသုံးစွဲမှု | နှစ်အတွင်း အချိန်စေ့ရောက်သဖြင့် ပြန်လည်ပေးဆပ်မှု | | |
|---|---|---|---|---|---|
| | | | အရင်း | အတိုး | ပေါင်း |
| ၇။ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | - | ၀.၃၁၆ | ၀.၀၀၈ | ၀.၃၂၄ |
| ၈။ | လျှပ်စစ်နှင့်စွမ်းအင် | ၆၂.၈၉၀ | ၁၉၇.၃၄၃ | ၈၉.၂၆၃ | ၂၈၆.၆၀၆ |
| ၉။ | စက်မှု | ၀.၃၇၃ | ၅၂.၀၇၀ | ၅၆.၃၀၂ | ၁၀၈.၃၇၂ |
| ၁၀။ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | - | - | ၀.၀၀၃ | ၀.၀၀၃ |
| ၁၁။ | ပညာရေး | ၂၁.၅၄၄ | - | ၀.၃၁၄ | ၀.၃၁၄ |
| ၁၂။ | ကျန်းမာရေးနှင့်အားကစား | ၁၆.၄၁၄ | - | ၀.၁၆၇ | ၀.၁၆၇ |
| ၁၃။ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၃၁.၆၀၀ | ၇၁.၉၆၃ | ၁၀.၇၇၅ | ၈၂.၇၃၈ |
| ၁၄။ | ဆောက်လုပ်ရေး | ၃၄.၈၈၅ | ၁.၁၄၂ | ၀.၀၅၇ | ၁.၁၉၉ |
| ၁၅။ | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | ၂.၃၅၇ | ၀.၀၈၁ | ၀.၀၀၁ | ၀.၀၈၂ |
| ၁၆။ | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ | - | ၀.၀၈၁ | ၀.၀၀၁ | ၀.၀၈၂ |
| | စုစုပေါင်း | ၃၄၃.၉၁၂ | ၃၉၆.၂၇၄ | ၂၁၆.၇၀၉ | ၆၁၂.၉၈၃ |

## ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာနှစ်အတွင်း ပြည်ပချေးငွေစာချုပ်ချုပ်ဆိုမှုအခြေအနေ

၉။ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာနှစ်အတွင်း ပြည်ပချေးငွေရယူရန် စာချုပ်ချုပ်ဆိုမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

### (က) နိုင်ငံ/အဖွဲ့အစည်းအလိုက် ချေးငွေစာချုပ်ချုပ်ဆိုမှု

(သန်းပေါင်း)

| စဉ် | ချေးငွေပေးသည့် နိုင်ငံ/ အဖွဲ့အစည်း | စီမံကိန်းအမည် | စာချုပ်ချုပ် ဆိုသည့်နေ့ | ချေးငွေဆိုင်ရာ စည်းကမ်းချက်များ | | ချေးငွေပမာဏ |
|---|---|---|---|---|---|---|
| ၁။ | ADB | | | | | USD ၄၀၄.၈၀၉ |
| | | အိန္ဒူ- ကော့ကရိတ်လမ်းပိုင်းအဆင့်မြှင့်တင်ခြင်း စီမံကိန်း | ၈-၄-၂၀၁၆ | အတိုးနှုန်း<br>ဆိုင်းငံ့<br>ပြန်ဆပ် | ၁% (ဆိုင်းငံ့)<br>၁.၅%(ပြန်ဆပ်)<br>၈<br>၂၄ | SDR ၇၁.၂၅၈<br>(Equ:USD) ၉၆.၆၈၆ |
| | | (၂၃၀) ကေဗွီ ဓာတ်အားလိုင်းစီမံကိန်း | ၂၆-၄-၂၀၁၆ | | | SDR ၅၆.၆၇၈<br>(Equ:USD)၇၆.၉၀၃ |
| | | မန္တလေးမြို့ပြဝန်ဆောင်မှုဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း | ၉-၉-၂၀၁၆ | | | SDR ၄၂.၅၄၃<br>(Equ:USD) ၅၇.၇၃၀ |

(သန်းပေါင်း)

| စဉ် | ချေးငွေပေးသည့် နိုင်ငံ/ အဖွဲ့အစည်း | စီမံကိန်းအမည် | စာချုပ်ချုပ် ဆိုသည့်နေ့ | ချေးငွေဆိုင်ရာ စည်းကမ်းချက်များ | | ချေးငွေပမာဏ |
|---|---|---|---|---|---|---|
| | | လယ်ယာကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း | ၂၂-၃-၂၀၁၇ | အတိုးနှုန်း | ၁% (ဆိုင်းငံ့) ၁.၅%(ပြန်ဆပ်) | USD ၇၅.၀၀၀ |
| | | လူငယ်များ အလုပ်အကိုင်ရရှိရေးအတွက် လေ့ကျင့်ပြုစုမွေးထုတ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း | ၂၂-၃-၂၀၁၇ | ဆိုင်းငံ့<br>ပြန်ဆပ် | ၈<br>၂၄ | USD ၉၈.၄၉၀ |
| ၂။ | AIF | | | | | **USD ၂၀.၀၀၀** |
| | | အိန္ဒိယ- ကော့ကရိတ်လမ်းပိုင်းအဆင့်မြှင့်တင်ခြင်း စီမံကိန်း | ၈-၄-၂၀၁၆ | အတိုးနှုန်း | 6 months LIBOR +၁.၄% | USD ၂၀.၀၀၀ |
| | | | | ကတိခံကြေး | ၀.၁၅% | |
| | | | | ဆိုင်းငံ့ | ၅ | |
| | | | | ပြန်ဆပ် | ၁၅ | |
| ၃။ | AFD | | | | | **USD ၄၂.၇၆၄** |
| | | မန္တလေးမြို့ပြဝန်ဆောင်မှုဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း | ၂၁-၁၀-၂၀၁၆ | အတိုးနှုန်း | 6 months EURIBOR -40bp | EUR ၄၀.၀၀၀ |
| | | | | ဆိုင်းငံ့ | ၇ | *(Equ:USD) ၄၂.၇၆၄* |
| | | | | ပြန်ဆပ် | ၁၃ | |
| ၄။ | IDA | | | | | **USD ၁၉၃.၄၈၇** |
| | | သဘာဝဘေးပြန်လည်ထူထောင်ရေးစီမံကိန်း | ၂၅-၁၁-၂၀၁၆ | အတိုးနှုန်း | ၀.၇၅% | SDR ၁၄၂.၆၀၀ |
| | | | | ဆိုင်းငံ့ | ၆ | *(Equ:USD) ၁၉၃.၄၈၇* |
| | | | | ပြန်ဆပ် | ၃၂ | |
| ၅။ | JICA | | | | | **USD ၁,၁၁၅.၇၆၁** |
| | | ပဲခူးမြစ်ကူးတံတား (သန်လျင်တံတား အမှတ် - ၃) တည်ဆောက်ရေးစီမံကိန်း | ၁-၃-၂၀၁၇ | | | JPY ၃၀,၀၅၀.၀၀၀<br>*(Equ:USD) ၂၇၇.၁၁၇* |
| | | ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ဆင်းရဲမှုလျှော့ချရေးကို အထောက်အကူပြုမည့် အခြေခံအဆောက်အအုံတည်ဆောက်ရေးနှင့်ပြုပြင်ရေး လုပ်ငန်းစီမံကိန်း | ၁-၃-၂၀၁၇ | အတိုးနှုန်း<br>ဆိုင်းငံ့<br>ပြန်ဆပ် | ၀.၀၁%<br>၁၀<br>၃၀ | JPY ၂၃.၉၇၉.၀၀၀<br>*(Equ:USD) ၂၁၄.၀၀၃* |
| | | စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်၂ ဆင့် ချေးငွေစီမံကိန်း | ၁-၃-၂၀၁၇ | | | JPY ၁၅,၁၃၅.၀၀၀<br>*(Equ:USD) ၁၃၅.၀၇၄* |

(သန်းပေါင်း)

| စဉ် | ချေးငွေပေးသည့် နိုင်ငံ/ အဖွဲ့အစည်း | စီမံကိန်းအမည် | စာချုပ်ချုပ် ဆိုသည့်နေ့ | ချေးငွေဆိုင်ရာ စည်းကမ်းချက်များ | | ချေးငွေပမာဏ |
|---|---|---|---|---|---|---|
| | | ရန်ကုန်မြို့တော်ရေပေးဝေရေးစီမံကိန်း | ၁-၃-၂၀၁၇ | | | JPY ၂၅,၀၀၀.၀၀၀<br>*(Equ:USD) ၂၂၃.၁၁၅* |
| | | မြန်မာနိုင်ငံ၏ အဓိကမြို့ကြီးများတွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုအဆင့်မြှင့်တင်ရေးစီမံကိန်း | ၁-၃-၂၀၁၇ | အတိုးနှုန်း<br>ဆိုင်းငံ့<br>ပြန်ဆပ် | ၀.၀၁%<br>၁၀<br>၃၀ | JPY ၄,၈၅၆.၀၀၀<br>*(Equ:USD) ၄၃.၃၃၈* |
| | | ရန်ကုန်- မန္တလေး ရထားလမ်းအဆင့်မြှင့်တင်ရေး စီမံကိန်း အဆင့် (၁) အပိုင်း (၂) | ၁-၃-၂၀၁၇ | | | JPY ၂၅,၀၀၀.၀၀၀<br>*(Equ:USD) ၂၂၃.၁၁၄* |
| | | စုစုပေါင်း | | | | **USD ၁,၇၇၆.၈၂၀** |

## (ခ) ဝန်ကြီးဌာနအလိုက် ချေးငွေစာချုပ်ချုပ်ဆိုမှု

(သန်းပေါင်း)

| စဉ် | အကောင်အထည်ဖော် သည့်ဌာန | စီမံကိန်းအမည် | စာချုပ်ချုပ် ဆိုသည့်နေ့ | ချေးငွေဆိုင်ရာ စည်းကမ်းချက်များ | | ချေးငွေပမာဏ |
|---|---|---|---|---|---|---|
| ၁။ | စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန | | | | | **USD ၃၃၀.၃၇၇** |
| | | သဘာဝဘေးပြန်လည်ထူထောင်ရေးစီမံကိန်း (IDA-17) | ၂၅-၁၁-၂၀၁၆ | အတိုးနှုန်း<br>ဆိုင်းငံ့<br>ပြန်ဆပ် | ၀.၇၅%<br>၆<br>၃၂ | SDR ၄၉.၉၁၀<br>*(Equ:USD) ၆၇.၇၂၀* |
| | | စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်၂ ဆင့် ချေးငွေစီမံကိန်း (JICA) | ၁-၃-၂၀၁၇ | အတိုးနှုန်း<br>ဆိုင်းငံ့<br>ပြန်ဆပ် | ၀.၀၁%<br>၁၀<br>၃၀ | JPY ၁၅,၁၃၅.၀၀၀<br>*(Equ:USD) ၁၃၅.၀၇၄* |
| | | ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ဆင်းရဲမှုလျှော့ချရေးကို အထောက်အကူပြုမည့် အခြေခံအဆောက်အအုံတည်ဆောက်ရေးနှင့်ပြုပြင်ရေး လုပ်ငန်းစီမံကိန်း (JICA) | ၁-၃-၂၀၁၇ | အတိုးနှုန်း<br>ဆိုင်းငံ့<br>ပြန်ဆပ် | ၀.၀၁%<br>၁၀<br>၃၀ | JPY ၆,၀၀၄.၀၀၀<br>*(Equ:USD) ၅၃.၅၈၃* |
| | | လယ်ယာကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (ADB) | ၂၂-၃-၂၀၁၇ | အတိုးနှုန်း<br>ဆိုင်းငံ့<br>ပြန်ဆပ် | ၁% (ဆိုင်းငံ့)<br>၁.၅%(ပြန်ဆပ်)<br>၈<br>၂၄ | USD ၇၅.၀၀၀ |



ဝ/

(သန်းပေါင်း)

| စဉ် | အကောင်အထည်ဖော် သည့်ဌာန | စီမံကိန်းအမည် | စာချုပ်ချုပ် ဆိုသည့်နေ့ | ချေးငွေဆိုင်ရာ စည်းကမ်းချက်များ | | ချေးငွေပမာဏ |
|---|---|---|---|---|---|---|
| ၂။ | ပို့ဆောင်ရေးနှင့် ဆက်သွယ် | | | | | USD ၂၂၃.၁၀၅ |
| | ရေးဝန်ကြီးဌာန | ရန်ကုန်- မန္တလေး ရထားလမ်းအဆင့်မြှင့် | ၁-၃-၂၀၁၇ | အတိုးနှုန်း | ၀.၀၁% | JPY ၂၅,၀၀၀.၀၀၀ |
| | | တင်ရေးစီမံကိန်း အဆင့် (၁) အပိုင်း (၂) | | ဆိုင်းငံ့ | ၁၀ | *(Equ:USD) ၂၂၃.၁၀၅* |
| | | (JICA) | | ပြန်ဆပ် | ၃၀ | |
| ၃။ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး | | | | | USD ၁၈၅.၀၀၇ |
| | ဌာန | (၂၃၀) ကေဗွီ ဓာတ်အားလိုင်းစီမံကိန်း | ၂၆-၄-၂၀၁၆ | အတိုးနှုန်း | ၁% (ဆိုင်းငံ့) ၁.၅%(ပြန်ဆပ်) | SDR ၅၆.၆၇၈ |
| | | (ADB ) | | ဆိုင်းငံ့ | ၈ | *(Equ:USD) ၇၆.၉၀၃* |
| | | | | ပြန်ဆပ် | ၂၄ | |
| | | ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ဆင်းရဲမှု | ၁-၃-၂၀၁၇ | အတိုးနှုန်း | ၀.၀၁% | JPY ၇,၂၅၇.၀၀၀ |
| | | လျှော့ချရေးကို အထောက်အကူပြုမည့် အခြေခံ | | ဆိုင်းငံ့ | ၁၀ | *(Equ:USD) ၆၄.၇၆၆* |
| | | အဆောက်အအုံတည်ဆောက်ရေးနှင့်ပြုပြင်ရေး | | ပြန်ဆပ် | ၃၀ | |
| | | လုပ်ငန်းစီမံကိန်း (JICA) | | | | |
| | | မြန်မာနိုင်ငံ၏ အဓိကမြို့ကြီးများတွင် လျှပ်စစ် | ၁-၃-၂၀၁၇ | အတိုးနှုန်း | ၀.၀၁% | JPY ၄,၈၅၆.၀၀၀ |
| | | ဓာတ်အားဖြန့်ဖြူးမှုအဆင့်မြှင့်တင်ရေးစီမံကိန်း | | ဆိုင်းငံ့ | ၁၀ | *(Equ:USD) ၄၃.၃၃၈* |
| | | (JICA) | | ပြန်ဆပ် | ၃၀ | |
| ၄။ | ပညာရေးဝန်ကြီးဌာန | | | | | USD ၉၈.၄၉၀ |
| | | လူငယ်များ အလုပ်အကိုင်ရရှိရေးအတွက် | ၂၂-၃-၂၀၁၇ | အတိုးနှုန်း | ၁% (ဆိုင်းငံ့) ၁.၅%(ပြန်ဆပ်) | USD ၉၈.၄၉၀ |
| | | လေ့ကျင့်ပြုစုမွေးထုတ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက် | | ဆိုင်းငံ့ | ၈ | |
| | | ရေးစီမံကိန်း (ADB) | | ပြန်ဆပ် | ၂၄ | |
| ၅။ | စီမံကိန်းနှင့်ဘဏ္ဍာရေး | | | | | USD ၁၄.၅၁၂ |
| | ဝန်ကြီးဌာန | သဘာဝဘေးပြန်လည်ထူထောင်ရေးစီမံကိန်း | ၂၅-၁၁-၂၀၁၆ | အတိုးနှုန်း | ၀.၇၅% | SDR ၁၀.၆၉၅ |
| | | (IDA-17) | | ဆိုင်းငံ့ | ၆ | *(Equ:USD) ၁၄.၅၁၂* |
| | | | | ပြန်ဆပ် | ၃၂ | |
| ၆။ | ဆောက်လုပ်ရေးဝန်ကြီး | | | | | USD ၆၀၀.၇၁၂ |
| | ဌာန | ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ဆင်းရဲမှု | ၁-၃-၂၀၁၇ | အတိုးနှုန်း | ၀.၀၁% | JPY ၁၀,၇၁၈.၀၀၀ |
| | | လျှော့ချရေးကို အထောက်အကူပြုမည့် အခြေခံ | | ဆိုင်းငံ့ | ၁၀ | *(Equ:USD) ၉၅.၆၅၄* |
| | | အဆောက်အအုံတည်ဆောက်ရေးနှင့်ပြုပြင်ရေး | | ပြန်ဆပ် | ၃၀ | |
| | | လုပ်ငန်းစီမံကိန်း (JICA) | | | | |



၀၂

(သန်းပေါင်း)

| စဉ် | အကောင်အထည်ဖော်သည့်ဌာန | စီမံကိန်းအမည် | စာချုပ်ချုပ်ဆိုသည့်နေ့ | ချေးငွေဆိုင်ရာ စည်းကမ်းချက်များ | | ချေးငွေပမာဏ |
|---|---|---|---|---|---|---|
| | | အိန္ဒိယ- ကော့ကရိတ်လမ်းပိုင်းအဆင့်မြှင့်တင်ခြင်း စီမံကိန်း (ADB) | ၈-၄-၂၀၁၆ | အတိုးနှုန်း | ၁% (ဆိုင်းငံ့) ၁.၅%(ပြန်ဆပ်) | SDR ၇၁.၂၅၈ |
| | | | | ဆိုင်းငံ့ | ၈ | *(Equ:USD) ၉၆.၆၈၆* |
| | | | | ပြန်ဆပ် | ၂၄ | |
| | | အိန္ဒိယ- ကော့ကရိတ်လမ်းပိုင်းအဆင့်မြှင့်တင်ခြင်း စီမံကိန်း (AIF) | ၈-၄-၂၀၁၆ | အတိုးနှုန်း | 6 months LIBOR +၁.၄% | USD ၂၀.၀၀၀ |
| | | | | ကတိခကြေး | ၀.၁၅% | |
| | | | | ဆိုင်းငံ့ | ၅ | |
| | | သဘာဝဘေးပြန်လည်ထူထောင်ရေးစီမံကိန်း (IDA-17) | ၂၅-၁၁-၂၀၁၆ | အတိုးနှုန်း | ၀.၇၅% | SDR ၈၁.၉၉၅ |
| | | | | ဆိုင်းငံ့ | ၆ | *(Equ:USD) ၁၁၁.၂၅၅* |
| | | | | ပြန်ဆပ် | ၃၂ | |
| | | ပဲခူးမြစ်ကူးတံတား (သန်လျင်တံတား အမှတ် - ၃) တည်ဆောက်ရေးစီမံကိန်း (JICA) | ၁-၃-၂၀၁၇ | အတိုးနှုန်း | ၀.၀၁% | JPY ၃၁,၀၅၁.၀၀၀ |
| | | | | ဆိုင်းငံ့ | ၁၀ | *(Equ:USD) ၂၇၇.၁၁၇* |
| | | | | ပြန်ဆပ် | ၃၀ | |
| ၇။ | ရန်ကုန်မြို့တော်စည်ပင် | | | | | **USD ၂၂၃.၁၁၄** |
| | သာယာရေးကော်မတီ | ရန်ကုန်မြို့တော်ရေပေးဝေရေးစီမံကိန်း (JICA) | ၁-၃-၂၀၁၇ | အတိုးနှုန်း | ၀.၀၁% | JPY ၂၅,၀၀၀.၀၀၀ |
| | | | | ဆိုင်းငံ့ | ၁၀ | *(Equ:USD) ၂၂၃.၁၁၄* |
| | | | | ပြန်ဆပ် | ၃၀ | |
| ၈။ | မန္တလေးမြို့တော်စည်ပင် | | | | | **USD ၁၀၀.၄၉၄** |
| | သာယာရေးကော်မတီ | မန္တလေးမြို့ပြဝန်ဆောင်မှုဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (ADB) | ၉-၉-၂၀၁၆ | အတိုးနှုန်း | ၁% (ဆိုင်းငံ့) ၁.၅%(ပြန်ဆပ်) | SDR ၄၂.၅၄၇ |
| | | | | ဆိုင်းငံ့ | ၈ | *(Equ:USD) ၅၇.၇၃၀* |
| | | | | ပြန်ဆပ် | ၂၄ | |
| | | မန္တလေးမြို့ပြဝန်ဆောင်မှုဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (AFD) | ၂၁-၁၀-၂၀၁၆ | အတိုးနှုန်း | 6 months EURIBOR -40bp | EUR ၄၀.၀၀၀ |
| | | | | ဆိုင်းငံ့ | ၇ | *(Equ:USD) ၄၂.၇၆၄* |
| | | | | ပြန်ဆပ် | ၁၃ | |
| | | **စုစုပေါင်း** | | | | **USD ၁,၇၇၆.၈၁၂** |

၁၀။ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ပချေးငွေများကို လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍရင်းနှီးမြှုပ်နှံမှု၊ အခြေခံအဆောက်အအုံ လိုအပ်ချက်များဖြစ်သော လျှပ်စစ်မီး၊ လယ်ယာစိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့် လူထုအခြေပြုလုပ်ငန်းစသည့် ရင်းနှီးမြှုပ်နှံမှုများနှင့် သဘာဝဘေးပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အဓိကရယူခဲ့ပါသည်။

## ၃၁-၃-၂၀၁၇ ရက်နေ့ရှိ ပြည်ပကြွေးမြီလက်ကျန်

၁၁။ **၃၁-၃-၂၀၁၇** ရက်နေ့ရှိ နိုင်ငံ/အဖွဲ့အစည်းအလိုက် ပြည်ပကြွေးမြီလက်ကျန်ကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

(အမေရိကန်ဒေါ်လာသန်းပေါင်း)

| စဉ် | မြီရှင်နိုင်ငံ/ အဖွဲ့အစည်းအမည် | ကြွေးမြီလက်ကျန် |
|---|---|---|
| | **အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ** | **၁,၄၅၄.၉၅၈** |
| ၁။ | အေဒီဘီ | ၅၂၂.၇၈၉ |
| ၂။ | အေအိုင်အက်ဖ် | ၀.၈၈၆ |
| ၃။ | အိုင်ဒီအေ | ၉၁၆.၈၄၃ |
| ၄။ | အိုင်အက်ဖ်အေဒီ | ၃.၃၃၁ |
| ၅။ | အိုပက် | ၁၁.၁၀၉ |
| | **နှစ်နိုင်ငံအစိုးရကြားချေးငွေ** | **၇,၆၉၃.၈၆၃** |
| | <u>ပဲရစ်ကလပ်အဖွဲ့ဝင်နိုင်ငံများ</u> | <u>၃,၄၅၃.၁၀၂</u> |
| ၆။ | ဂျပန် | ၂,၁၃၂.၄၄၈ |
| ၇။ | ဩစတြီးယား | ၁၂၀.၂၂၆ |
| ၈။ | ဖင်လန် | ၂.၆၆၇ |
| ၉။ | ပြင်သစ် | ၄၆၂.၉၉၀ |
| ၁၀။ | ဂျာမနီ | ၆၉၂.၇၂၈ |
| ၁၁။ | အီတလီ | - |
| ၁၂။ | နယ်သာလန် | ၈.၂၅၇ |
| ၁၃။ | အင်္ဂလန် | ၃၃.၉၈၆ |
| | <u>ပဲရစ်ကလပ်အဖွဲ့ဝင်မဟုတ်သောနိုင်ငံများ</u> | <u>၄,၂၄၀.၅၆၁</u> |
| ၁၄။ | တရုတ် | ၃,၈၇၅.၄၇၇ |
| ၁၅။ | အေအက်ဖ်ဒီ | - |
| ၁၆။ | အိန္ဒိယ | ၁၈၄.၂၂၅ |
| ၁၇။ | ကိုရီးယား | ၁၃၉.၂၄၀ |

(အမေရိကန်ဒေါ်လာသန်းပေါင်း)

| စဉ် | မြီရှင်နိုင်ငံ/ အဖွဲ့အစည်းအမည် | ကြွေးမြီလက်ကျန် |
|---|---|---|
| ၁၈။ | မလေးရှား | - |
| ၁၉။ | ဆော်ဒီ | ၁.၉၃၀ |
| ၂၀။ | ထိုင်း | ၂၄.၃၄၃ |
| ၂၁။ | ဆာဗီးယား | ၁၅.၃၄၂ |
| | စုစုပေါင်း | ၉,၁၄၈.၈၂၁ |

၁၂။ ၃၁-၃-၂၀၁၇ ရက်နေ့ရှိ ဝန်ကြီးဌာနအလိုက် ပြည်ပကြွေးမြီလက်ကျန်ကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-


(အမေရိကန်ဒေါ်လာသန်းပေါင်း)

| စဉ် | ဝန်ကြီးဌာနအမည် | ကြွေးမြီလက်ကျန် |
|---|---|---|
| ၁။ | ပြည်ထဲရေး | ၃၅.၇၂၀ |
| ၂။ | ကာကွယ်ရေး | ၂၄၀.၂၉၅ |
| ၃။ | နယ်စပ်ရေးရာ | - |
| ၄။ | ပြန်ကြားရေး | ၁.၆၂၅ |
| ၅။ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း | ၇၀၆.၉၁၉ |
| ၆။ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး | ၁,၄၂၄.၄၈၅ |
| ၇။ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၂၃.၂၁၆ |
| ၈။ | လျှပ်စစ်နှင့်စွမ်းအင် | ၂,၉၇၆.၀၈၁ |
| ၉။ | စက်မှု | ၁,၃၈၃.၁၈၂ |
| ၁၀။ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၂၆.၂၅၂ |
| ၁၁။ | ပညာရေး | ၅၄.၁၉၀ |
| ၁၂။ | ကျန်းမာရေးနှင့်အားကစား | ၃၈.၉၁၄ |
| ၁၃။ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၂,၁၃၈.၇၆၄ |
| ၁၄။ | ဆောက်လုပ်ရေး | ၉၀.၄၇၆ |
| ၁၅။ | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | ၄.၇၀၂ |
| ၁၆။ | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ | - |
| | စုစုပေါင်း | ၉,၁၄၈.၈၂၁ |


## ၃၁-၃-၂၀၁၇ ရက်နေ့ရှိ ပြည်ပချေးငွေစာချုပ်ချုပ်ဆိုမှုနှင့် ပေးဆပ်ရန်ကျန်ရှိမှု

၁၃။ ၃၁-၃-၂၀၁၇ ရက်နေ့ရှိ နိုင်ငံ/အဖွဲ့အစည်းအလိုက် ပြည်ပချေးငွေစာချုပ်ချုပ်ဆိုမှုနှင့် ပေးဆပ်ရန် ကျန်ရှိမှုအခြေအနေကို အောက်ပါပိုင်ကားချပ်ဖြင့် ဖော်ပြအပ်ပါသည်-

(က) ၃၁-၃-၂၀၁၇ ရက်နေ့အထိ ပြည်ပချေးငွေစာချုပ်ချုပ်ဆိုမှု




(ခ) ၃၁-၃-၂၀၁၇ ရက်နေ့ရှိ နိုင်ငံ/အဖွဲ့အစည်းအလိုက် ပေးဆပ်ရန်ကျန်ရှိမှု





၁၄။ ၃၁-၃-၂၀၁၇ ရက်နေ့အထိ ပြည်ပချေးငွေရယူရန် စာချုပ်ချုပ်ဆိုထားသည့်ပမာဏ (Committed Amount) အရ ဂျပန်နိုင်ငံ၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ချေးငွေ ပမာဏမှာ အများဆုံးဖြစ်သော်လည်း ပေးဆပ်ရန်ကျန်ရှိမှုတွင် တရုတ်ချေးငွေပမာဏမှာ အများဆုံး

ဖြစ်ပါသည်။ အကြောင်းမှာ ဂျပန်နိုင်ငံ၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက် ရေးအေဂျင်စီ (JICA) ချေးငွေများမှာ ၂၀၁၃ ခုနှစ် နောက်ပိုင်းမှ ရယူခဲ့ခြင်းနှင့် ချေးငွေထုတ်ယူသုံးစွဲဆဲဖြစ်ခြင်းတို့ကြောင့် ဖြစ်ပါသည်။

၁၅။ ၃၁-၃-၂၀၁၇ ရက်နေ့အထိ ဝန်ကြီးဌာနအလိုက် ပြည်ပချေးငွေစာချုပ်ချုပ်ဆိုမှုနှင့် ပေးဆပ်ရန် ကျန်ရှိမှုအခြေအနေတို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

၃၁-၃-၂၀၁၇ ရက်နေ့အထိ ဝန်ကြီးဌာနအလိုက် ပြည်ပချေးငွေစာချုပ်ချုပ်ဆိုမှုနှင့် ပေးဆပ်ရန်ကျန်ရှိမှု




၁၆။ ၃၁-၃-၂၀၁၇ ရက်နေ့ရှိ ဝန်ကြီးဌာနများအလိုက် ပြည်ပချေးငွေရယူရန် စာချုပ်ချုပ်ဆိုမှု အခြေအနေမှာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှာ အများဆုံးဖြစ်ပြီး၊ ချေးငွေပြန်လည်ပေးဆပ်ရန် ကျန်ရှိမှုအခြေအနေတွင်လည်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက အများဆုံးဖြစ်ပါသည်။ ဒုတိယ အများဆုံးမှာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနဖြစ်ပြီး ၎င်းအနက် ၉၉% မှာ နိုင်ငံတော်ကိုယ်စား တာဝန်ယူပေးဆပ်ရသည့် ချေးငွေများဖြစ်ပါသည်။

# အပိုင်း (ခ) ပြည်တွင်းကြွေးမြီအခြေအနေ

## ၃၁-၃-၂၀၁၇ ရက်နေ့ရှိ ပြည်တွင်းကြွေးမြီအခြေအနေ

၁၇။ ၃၁-၃-၂၀၁၇ ရက်နေ့ရှိ ပြည်တွင်းကြွေးမြီအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ် ဘီလီယံ)

| စဉ် | အကြောင်းအရာ | ကြွေးမြီလက်ကျန် | ပါဝင်မှု ရာနိုင်နှုန်း |
|---|---|---|---|
| ၁။ | အစိုးရငွေတိုက်စာချုပ် | ၃,၃၈၆.၁ | ၁၉% |
| ၂။ | အစိုးရငွေတိုက်လက်မှတ် | ၉၇၅.၇ | ၅% |
| ၃။ | ဗဟိုဘဏ်မှ ငွေချေးယူခြင်း | ၁၃,၆၅၈.၂ | ၇၆% |
| | စုစုပေါင်း | ၁၈,၀၂၀.၀ | ၁၀၀% |

## ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာနှစ်အတွင်း ပြည်တွင်းကြွေးမြီဆိုင်ရာဆောင်ရွက်ချက်များ

၁၈။ **ငွေတိုက်လက်မှတ်များ။** ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလမှစတင်၍ (၃) လသက်တမ်းရှိ အစိုးရငွေတိုက်လက်မှတ်များအား ဈေးပြိုင်စနစ်ဖြင့်ရောင်းချခဲ့ပြီး ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ရန် အလို့ငှာ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာနှစ်မှစ၍ (၆) လသက်တမ်း နှင့် (၁) နှစ် သက်တမ်းရှိ အစိုးရငွေတိုက်လက်မှတ်များအား တိုးချဲ့ထုတ်ဝေခဲ့ပါသည်။

၁၉။ **ငွေတိုက်စာချုပ်များ။** ၂၀၁၆ ခုနှစ်၊ ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာနှင့်အညီ ၅-၁-၂၀၁၆ ရက်နေ့မှစ၍ အစိုးရငွေတိုက်စာချုပ်လက်ကျန်များကို စနစ်သစ်ဖြင့် မှတ်တမ်းပြုစုရန် အတွက် သက်တမ်းစေ့မည့်ရက်များအား နှစ်စဉ်မေလနှင့် နိုဝင်ဘာလတို့သို့ ပြောင်းလဲသတ်မှတ်ခြင်းနှင့် စာရွက်စာတမ်းစနစ်အစား စာရွက်စာတမ်းမဲ့စနစ် (Scripless) သို့ ပြောင်းလဲခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ အစိုးရငွေတိုက်စာချုပ်များ ဈေးပြိုင်စနစ်ဖြင့်ရောင်းချခြင်းကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ရာ ၁၅-၅-၂၀၁၈ ရက်နေ့၊ ၁၅-၅-၂၀၁၉ ရက်နေ့နှင့် ၁၅-၅-၂၀၂၀ ရက်နေ့တို့တွင် စေ့ရောက်မည့် (၂) နှစ်၊ (၂) နှစ် (၆) လနှင့် (၃) နှစ် သက်တမ်းရှိ အစိုးရငွေတိုက်စာချုပ်များအား ကူပွန်နှုန်း ၉%၊ ၉.၂၅% နှင့် ၉.၅% တို့ဖြင့် ထုတ်ဝေနိုင်ခဲ့ပါသည်။ ထို့ပြင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဘဏ်များ၊ ရင်းနှီးမြှုပ်နှံသူများနှင့် အလုပ်ရုံဆွေးနွေးပွဲများ၊ တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး ရင်းနှီးမြှုပ်နှံသူများ ပိုမိုများပြားလာစေရန် နိုင်ငံခြားဘဏ်ခွဲများ၊

ငွေချေးသက်သေခံလက်မှတ်များရောင်းဝယ်ရေး ကုမ္ပဏီများနှင့် အာမခံကုမ္ပဏီများအား လေလံဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုခဲ့ပါသည်။

၂၀။ **ငွေတိုက်လက်မှတ်နှင့် ငွေတိုက်စာချုပ်များရောင်းချခြင်း။** ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ အခြေအနေပေါ်မူတည်၍ လည်းကောင်း၊ ပြည်ထောင်စုရှိ ဌာန/ အဖွဲ့အစည်းများ၏ ငွေသားစီမံချက် (ခန့်မှန်း) ပေါ်မူတည်၍လည်းကောင်း၊ သက်ဆိုင်ရာလအလိုက် ပြန်လည်ရွေးနှုတ်မည့် အစိုးရငွေတိုက်လက်မှတ်/ငွေတိုက်စာချုပ်ပမာဏပေါ်မူတည်၍လည်းကောင်း၊ အစိုးရငွေတိုက်လက်မှတ်များအား တစ်လလျှင် (၂) ကြိမ်နှင့် အစိုးရငွေတိုက်စာချုပ်များအား တစ်လလျှင် (၁) ကြိမ် ပုံမှန်ထုတ်ဝေရောင်းချလျက်ရှိပါသည်။

## ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေဖြည့်ဆည်းမှု

၂၁။ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေအားအသားတင်ဖြည့်ဆည်းမှုပမာဏမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ် ဘီလီယံ)


| စဉ် | အကြောင်းအရာ | ရောင်းချခြင်း | ရွေးနှုတ်ခြင်း | အသားတင် ဖြည့်ဆည်းမှု |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅=(၃-၄) |
| ၁။ | အစိုးရငွေတိုက်စာချုပ်များ | ၁,၂၀၀.၆ | ၄၃၀.၄ | ၇၇၀.၂ |
| | - *လေလံစနစ်မတိုင်မီ* | - | *၄၃၀.၄* | *(-) ၄၃၀.၄* |
| | - *လေလံစနစ်ဖြင့်ရောင်းချခြင်း* | *၁,၂၀၀.၆* | - | *၁,၂၀၀.၆* |
| ၂။ | အစိုးရငွေတိုက်လက်မှတ်များ လေလံစနစ်ဖြင့် ရောင်းချခြင်း | ၃,၆၂၂.၇ | ၃,၃၁၁.၇ | ၃၁၁.၀ |
| ၃။ | ဗဟိုဘဏ်မှ ငွေချေးယူခြင်း | ၂,၃၁၀.၃ | ၁,၀၉၇.၀ | ၁,၂၁၃.၃ |
| | **စုစုပေါင်း** | **၇,၁၃၄.၆** | **၄,၈၃၉.၁** | **၂,၂၉၅.၅** |


၂၂။ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာနှစ်အတွင်း စက်တင်ဘာလနှင့် အောက်တိုဘာလတွင် ပြည်ထောင်စုအစိုးရအပ်ငွေစာရင်းတွင် ပိုငွေပေါ်ပေါက်ခဲ့ပါသည်။ အဆိုပါပိုငွေမှ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာနှစ်ကမြန်မာနိုင်ငံတော်ဗဟိုဘဏ်ထံမှ ရယူထားသည့် ကြွေးမြီ ကျပ် ၅၇၆.၂၄၅ ဘီလီယံနှင့် ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူထားသည့်ကြွေးမြီ ကျပ် ၅၂၀.၇၉၅ ဘီလီယံတို့ကို ပြန်လည်ရွေးနှုတ်ခဲ့ပါသည်။

## ပြည်တွင်းချေးငွေများအပေါ် နိုင်ငံတော်ကကျခံရသည့် အတိုးစရိတ်

၂၃။ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာနှစ်အထိ ဗဟိုဘဏ်က ငွေချေးယူခြင်းအပေါ် အတိုးနှုန်း ၄% ဖြင့် ပေးချေခဲ့ရပါသည်။ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာနှစ်မှစတင်၍ ပျမ်းမျှဈေးကွက်အတိုးနှုန်း (Average Market Auction Rate) ဖြင့် ပေးချေလျှက်ရှိပါသည်။ ပြည်ထောင်စုအစိုးရ၏ဘတ်ဂျက်လိုငွေမှာ နှစ်စဉ်ဖြစ်ပေါ်လျှက်ရှိသဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရှိ ပြည်ထောင်စုအစိုးရအပ်ငွေစာရင်းတွင် လိုငွေပေါ်ပေါက်ပြီး နှစ်စဉ်ဖြည့်ဆည်းရခြင်း၊ ယခင်မြန်မာနိုင်ငံတော်ဗဟိုဘဏ်ထံမှ ရယူထားသည့် ကြွေးမြီများအား အနည်းငယ်သာ ပြန်လည်ရွေးနှုတ်နိုင်ပြီး နှစ်စဉ်ကြွေးဟောင်းများအဖြစ် ဆက်လက်ကျန်ရှိနေခြင်းတို့ကြောင့် ပြည်တွင်းကြွေးမြီလက်ကျန်မှာ နှစ်စဉ်မြင့်တက်လျှက်ရှိပါသည်။ ကြွေးမြီလက်ကျန်ပမာဏတိုးမြင့်လာသည့်အပြင် ပေးရသည့်အတိုးနှုန်းမှာလည်း ဈေးကွက်ပေါ်အခြေခံသဖြင့် နိုင်ငံတော်ကကျခံရသည့် ချေးငွေအပေါ်အတိုးစရိတ်မှာလည်း နှစ်စဉ်တိုးတက်လျှက်ရှိပါသည်။


၂၄။ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း အစိုးရငွေတိုက်လက်မှတ်များ၏ ဈေးကွက်အတိုးနှုန်း (Weighted Average Yield) များမှာ (၃) လသက်တမ်းအတွက် ၇.၁၂% မှ ၈.၁၆% ထိ၊ (၆) လသက်တမ်းအတွက် ၇.၄၂% မှ ၈.၅၃% ထိနှင့် (၁) နှစ်သက်တမ်းအတွက် ၈.၄၆% မှ ၈.၆၃% ထိတို့ဖြစ်ပါသည်။ အစိုးရငွေတိုက်စာချုပ်များ၏ အတိုးနှုန်း (Yield to Maturity) များမှာ (၂) နှစ်သက်တမ်းအတွက် ၈.၇၆% မှ ၉.၁၈% ထိနှင့် (၃) နှစ် သက်တမ်းအတွက် ၉.၄၈% မှ ၉.၆၉% ထိတို့ဖြစ်ပါသည်။ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ဈေးပြိုင်စနစ်ဖြင့်ရောင်းချသည့် အစိုးရငွေချေးသက်သေခံလက်မှတ်များ၏ အတိုးနှုန်းများကို ပုံကားချပ်ဖြင့် အောက်ပါအတိုင်းတင်ပြအပ်ပါသည်-




၂၅။ ၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာနှစ်မှ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာနှစ်အထိ ပြည်တွင်းကြွေးမြီအပေါ် ပေးရသည့် အတိုးနှင့် အုပ်ချုပ်ခမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အထိ ပြည်တွင်းကြွေးမြီအပေါ် ပေးချေရသည့် အတိုးနှင့် အုပ်ချုပ်ခ





၂၆။ ဈေးကွက်တွင် အစိုးရငွေချေးသက်သေခံလက်မှတ်များအား အဖွဲ့အစည်းအလိုက် ရင်းနှီးမြှုပ်နှံမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

အစိုးရငွေတိုက်စာချုပ်များ ဈေးပြိုင်စနစ်ဖြင့်ရောင်းချခြင်း




အစိုးရငွေတိုက်လက်မှတ်များ ဈေးပြိုင်စနစ်ဖြင့်ရောင်းချခြင်း




၂၇။ ရင်းနှီးမြှုပ်နှံသူများကိုလေ့လာပါက နိုင်ငံတော်ပိုင်ဘဏ်များက အများဆုံးဝယ်ယူထားပြီး၊ ဒုတိယအများဆုံး ဝယ်ယူသူများမှာ ပုဂ္ဂလိကဘဏ်များဖြစ်ပါသည်။ နိုင်ငံခြားဘဏ်များက ဝယ်ယူမှု အားနည်းနေသည်ကိုတွေ့ရှိရပါသည်။



၉၂

# အပိုင်း (ဂ) အစိုးရက ငွေထုတ်ချေးခြင်းနှင့် ထပ်ဆင့်ငွေထုတ်ချေးခြင်း

၂၈။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများနှင့်အညီ ပြည်ပချေးငွေ/ အကူအညီများကို ပြည်ထောင်စုအစိုးရကရယူပြီး တိုင်းဒေသကြီး/ ပြည်နယ်အစိုးရသို့ ထပ်ဆင့်ထုတ်ချေးမှုများရှိပါသည်။ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက အောက်ပါအဖွဲ့အစည်းများသို့ ထပ်ဆင့်ထုတ်ချေးထားပါသည်-

(သန်းပေါင်း)

| စဉ် | အဖွဲ့အစည်း/စီမံကိန်းအမည် | ဘဏ္ဍာငွေ အရင်း အမြစ် | ပေးအပ် သည့်အဖွဲ့ အစည်း | စာချုပ် ချုပ်ဆို သည့်နေ့ | ငွေကြေး အမျိုး အစား | ချေးငွေ ပမာဏ |
|---|---|---|---|---|---|---|
| ၁။ | **ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ** | | | | | |
| | - မြို့တော်ရေပေးဝေမှုဖွံ့ဖြိုးရေးစီမံကိန်း | ချေးငွေ | JICA | ၁၀-၇-၁၅ | JPY | ၂၃,၆၈၃.၀၀၀ |
| ၂။ | **မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ** | | | | | |
| | - မန္တလေးမြို့ပြဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း | ချေးငွေ | ADB | ၉-၉-၁၆ | SDR | ၄၂.၅၄၇ |
| ၃။ | **သမဝါယမဘဏ်လီမိတက်** | | | | | |
| | - မြန်မာနိုင်ငံ၏ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအား မြှင့်တင်ရန် | ထောက်ပံ့ငွေ | KfW | ၂၄-၁၀-၁၆ | Euro | ၃.၃၀၀ |

## ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဆောင်ရွက်ချက်များ

၂၉။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **ပြည်သူ့ကြွေးမြီဆိုင်ရာဥပဒေနှင့် ဖွဲ့စည်းမှုမူဘောင်။** အစိုးရ၏ကြွေးမြီအား နိုင်ငံတကာအဆင့်အတန်းနှင့်အညီ စနစ်တကျစီမံခန့်ခွဲနိုင်ရန် "ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ" ကို ၅-၁-၂၀၁၆ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။ အစိုးရငွေချေးသက်သေခံလက်မှတ်များအား နိုင်ငံတကာက ကျင့်သုံးလျှက်ရှိသည့် နည်းစနစ်များနှင့်အညီ ဈေးကွက်သို့ထုတ်ရောင်းနိုင်ရန်အတွက် လိုအပ်သော စည်းမျဉ်းများ၊ ညွှန်ကြားချက်များ ထုတ်ပြန်ခဲ့ပါသည်။

(ခ) **ကြွေးမြီမှတ်တမ်းတင်မှုနှင့် စီမံခန့်ခွဲမှုစနစ်။** နိုင်ငံတကာတွင် အသုံးပြုလျှက်ရှိသည့် ကြွေးမြီ မှတ်တမ်းတင်သည့်စနစ်တခုဖြစ်သည့် Commonwealth Secretariate - Debt Recording and Management System (CS-DRMS) အား အသုံးပြုနိုင်ရန်

အတွက် ကြွေးမြီဆိုင်ရာအချက်အလက် များ ထည့်သွင်းခြင်းကို ငွေတိုက်ဦးစီးဌာနတွင် စတင်ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ပြည်တွင်း၊ ပြည်ပကြွေးမြီဆိုင်ရာ စာရွက်စာတမ်းများနှင့် အချက်အလက်များအား သဘာဝဘေးအန္တရာယ် (သို့) အခြားသောအကြောင်းအရာများကြောင့် ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် Electronic Document Management System အား အသုံးပြု၍ စာရွက်စာတမ်းများအား Hard Copy ၊ Soft Copy များဖြင့် ထိန်းသိမ်းထားရှိခြင်းနှင့် ချေးငွေဆိုင်ရာအချက်အလက်များအား Data Backup စနစ်ထားရှိ ဆောင်ရွက်လျက်ရှိပါသည်။

(ဂ) **လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ခြင်း။** ဝန်ထမ်းများအား ကြွေးမြီစီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းပေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်းတို့ကို ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့အကူအညီဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါသည်။ ဝန်ထမ်းများထပ်မံခန့်ထားခြင်း၊ ကြွေးမြီစီမံခန့်ခွဲမှု၏ လုပ်ငန်းတာဝန်အလိုက် ကြွေးမြီ စိစစ်ရေးဌာနစု (Front Office) ၊ ကြွေးမြီမူဝါဒနှင့် ဆန်းစစ်ရေးဌာနစု (Middle Office) နှင့် ကြွေးမြီစာရင်းထိန်းသိမ်းရေးနှင့် ပေးဆပ်ရေးဌာနစု (Back Office) ဟူ၍ ဌာနစိတ်အသီးသီးဖွဲ့စည်း၍ အောက်ဖော်ပြပါကိစ္စများကို ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်-

(၁) ကြွေးမြီဆိုင်ရာဆုံးရှုံးနိုင်ခြေများကို အနည်းဆုံးဖြစ်စေရန်နှင့် ကုန်ကျစရိတ်အနည်းဆုံးဖြစ်စေရန် နိုင်ငံတော်အတွက် သက်သာသောချေးငွေများကို ရယူနိုင်ရန်ဆောင်ရွက်ခြင်း၊

(၂) ပြည်ပချေးငွေများရယူရာတွင် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရန်ဆောင်ရွက်ခြင်း၊

(၃) ချေးငွေစာချုပ်အတွက် ချေးငွေပေးအပ်မည့်အဖွဲ့အစည်းများနှင့် ဦးဆောင်ညှိနှိုင်းဆွေးနွေးခြင်း၊

(၄) နိုင်ငံတော်ကိုယ်စား ချေးငွေစာချုပ်လက်မှတ်ရေးထိုးခြင်း၊

(၅) ချေးငွေစာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ သတ်မှတ်ကာလအတွင်း ချေးငွေစာချုပ်အသက်ဝင်စေရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(၆) ချေးငွေထုတ်ယူသုံးစွဲခြင်းနှင့် အရင်း၊ အတိုးပြန်လည်ပေးဆပ်ခြင်းတို့အား အချိန်မီ ဆောင်ရွက်နိုင်ရန် စောင့်ကြည့်ကြပ်မတ်နိုးဆော်ခြင်း၊

(၇) ဘဏ္ဍာငွေပြန်လည်ဖြည့်ဆည်းမှုဆုံးရှုံးနိုင်ခြေကို အနည်းဆုံးဖြစ်စေရန်နှင့် ပြည်တွင်း ဈေးကွက်ဖွံ့ဖြိုးတိုးတက်စေရန် အစိုးရငွေချေးသက်သေခံလက်မှတ်များ၏ သက်တမ်းများကို တိုးမြှင့်ထုတ်ဝေခြင်း၊ အတိုးများကို ဈေးကွက်နှုန်းအတိုင်း တိုးမြှင့်ပေးခြင်း၊

## အစိုးရ၏အာမခံချက်

၃၀။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေအရ အစိုးရကြွေးမြီဆိုသည်မှာ ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနနှင့် ၎င်းတို့၏လက်အောက်ခံအဖွဲ့အစည်းများက ငွေချေးယူမှုကြောင့်သော်လည်းကောင်း သို့မဟုတ် ငွေပေးရန် ကတိပြုချက်အရသော်လည်းကောင်း သို့မဟုတ် နိုင်ငံတော်၏ အာမခံထားသည့် ကြွေးမြီကြောင့်သော်လည်းကောင်း ဖြစ်ပေါ်လာသည့် ငွေရေးကြေးရေးဆိုင်ရာ ပေးရန်တာဝန်များအားလုံးကို ဆိုလိုပါသည်။ အစိုးရက ရယူထားသည့် ချေးငွေများအားလုံးအတွက် အစိုးရက ပြန်လည်ပေးဆပ်ရန် တာဝန်ရှိသဖြင့် အစိုးရအနေဖြင့် အာမခံချက်ပေးထားခြင်းပင် ဖြစ်ပါသည်။ အစိုးရမဟုတ်သောအဖွဲ့အစည်း သို့မဟုတ် စီမံကိန်းများသို့ နိုင်ငံတော်ကအာမခံချက်ထုတ်ပေးထားခြင်းမရှိသေးပါ ။

## နိဂုံး

၃၁။ ၂၀၁၆ ခု၊ ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာတွင် ပြည်တွင်းချေးငွေရယူခြင်းအား တဖြည်းဖြည်းလျော့ချသွားပြီး ပြည်တွင်း၊ ပြည်ပကြွေးမြီနှင့် ဂျီဒီပီအချိုးအား ၄၀% ထက်မကျော်လွန်စေရေးနှင့် ပြည်ပကြွေးမြီနှင့် ဂျီဒီပီအချိုးအား ၃၀% ထက်မကျော်လွန်စေရေးအတွက် ထိန်းညှိဆောင်ရွက်ရန်မူချမှတ်ထားပါသည်။ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ပြည်တွင်း၊ ပြည်ပကြွေးမြီနှင့်

ဂျီဒီပီ အချိုးမှာ ၃၅.၆% ခန့်နှင့် ပြည်ပကြွေးမြီနှင့် ဂျီဒီပီအချိုးမှာ ၁၃.၄% ခန့် ဖြစ်သဖြင့် ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာပါအချက်များနှင့်အညီ ထိန်းသိမ်းအကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

၃၂။ နိုင်ငံတော်တွင် နှစ်စဉ်ဘတ်ဂျက်လိုငွေ ဖြစ်ပေါ်လျှက်ရှိသော်လည်း ကြွေးမြီဝန်ထုတ်ဝန်ပိုးကြီးမားမှုမဖြစ်စေရန် ဘတ်ဂျက်လိုငွေအား ဂျီဒီပီ၏ ၅% ထက်ကျော်လွန်ခြင်းမရှိစေရန် ထိန်းသိမ်းဆောင်ရွက်လျှက်ရှိပါသည်။ ဘတ်ဂျက်လိုငွေဖြည့်ဆည်းရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ထံမှ ငွေချေးယူရမှုကို လျှော့ချနိုင်စေရန် အစိုးရ၏ ငွေချေးသက်သေခံလက်မှတ်များအား ဈေးပြိုင်စနစ် (လေလံစနစ်) ဖြင့် ရောင်းချခြင်းကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။ ပြည်ထောင်စုအစိုးရဌာနများ၏ ငွေသားရရှိမှု၊ ပေးသွင်းမှုများနှင့်စပ်လျဉ်း၍ လိုအပ်သောအချိန်၊ လိုအပ်သောနေရာတွင် လိုအပ်သောပမာဏရရှိရန် ကြိုတင်စီမံသည့်အနေဖြင့် ငွေသားစီမံချက်များရေးဆွဲ၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျှက်ရှိပါသည်။ တိကျမှန်ကန်သော ငွေသားစီမံချက်များသည် အစိုးရ၏လိုငွေဖြည့်ဆည်းရာတွင် ကုန်ကျစရိတ်နှင့် ဆုံးရှုံးနိုင်ခြေအနည်းဆုံးဖြစ်အောင် ကြိုတင်စီမံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေမည်ဖြစ်ပါသည်။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုစနစ်ကို ပြည့်စုံကောင်းမွန်သော နိုင်ငံတကာအဆင့်မီစနစ်ဖြစ်လာစေရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျှက်ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။